ဇွန် (၂)

## မိမိတို့သာလျှင်ကယ်တင်ခြင်း၏ အကြောင်းအရာကိုသီဆိုနိုင်သည်။

**တစ်**နည်းအားဖြင့် မိမိတို့သည် ကောင်းကင်တမန်များထက်ပို၍ အရေးကြီးသည်။ ဘုရားသခင်သည် သူ၏သားတော်ကို ကောင်းကင်တမန်များအတွက် အသေခံရန် စေလွှတ်ခဲ့ခြင်းမဟုတ်။ မိမိတို့အတွက်အသေခံရန် သူစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ကောင်းကင်တမန်တို့ သီဆိုခံသည်မှာ "သန့်ရှင်းမြင့်မြတ်ခြင်း၊ သန့်ရှင်းမြင့်မြတ်ခြင်း" ကောင်းကင်ဘုံ၏ တရားရုံးများကြား ရန်သူတို့ပြုခြင်းအား ငါကူညီဖို့ ငါမျှော်လင့်ထားခဲ့ရာ ကယ်တင်ခြင်း၏ အကြောင်းအရာအား ငါသီဆိုစဉ် သူတို့၏တောင်ပံများကို ခေါက်သိမ်းထားရခြင်းမှာ ငါတို့ကယ်တင်ခြင်း ယူဆောင်လာရာ ဝမ်းမြောက်ခြင်းမျိုးအား သူတို့တကြိမ်မျှမခံစားဖူးပါ။

ကောင်းကင်တမန်များက အလားတူသတင်းစကားကို သီဆိုနိုင်ရန် ဆန္ဒပြုခဲ့သော်လည်း သူတို့သည် ဘယ်သောအခါမျှ ပျောက်ဆုံးခြင်းမရှိခဲ့၍ သီဆိုခြင်းမပြုနိုင်ခဲ့ပါ။ သူတို့အနေနှင့် ကယ်တင်ခြင်း၏ ဝမ်းမြောက်မှုကိုမသိနိုင်ပါ။ သူတို့အနေနှင့် သက်သေခံခြင်းကိုသာ ပြုနိုင်သည်။

ဤသည်က ငါယူဆောင်လာသော သတင်းစကား
ကောင်းကင်တမန်တို့ ဝမ်းပန်းတသာသီဆိုကြမည့် သတင်းစကား
"အို ...... သင်၌လိုက်လျောသင့်မြတ်မှု ရှိစေပါ"
ငါ၏ ဘုရားသခင် ဘုရင်မင်းမြတ်မိန့်တော်မူသည်မှာ
" အို အသင် ဘုရားသခင်နှင့် လိုက်လျောသင့်မြတ်ခြင်းရှိစေပါ"

မိမိတို့ယူဆောင်လာသော သတင်းစကားကအဘယ်နည်း? "ကယ်တင်ခြင်းကို ခံယူပါ။ လိုက်လျောသင့်မြတ်ခြင်းရှိစေပါ။" အဓိပ္ပါယ်က ဘုရားသခင်နှင့် ငြိမ်းချမ်းရေးရယူပါ။ ထိုသို့ပြုရန် နည်းလမ်းတစ်သွယ်သာရှိရာ ယင်းက သခင်ယေရှုအားဖြင့်သာဖြစ်သည်။ (တမန်တော် ၄း၁၂၊ ၁ပေ ၃း၁၈၊ ဗျာ ၅း၉) ကယ်တင်ခြင်းက အဆုံးမရှိသော အကြောင်းအရာတစ်ခုပင်ဖြစ်ရာ ယင်းက ထာဝရဖြစ်သောကြောင့်ပင်။ သင့်အနေနှင့် "အဲဒါက ပျော်ရွှင်စရာ ဇာတ်သိမ်းဘဲ" ဟုမပြောနိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းက ပျော်ရွှင်စရာဇာတ်လမ်း၏ အစပင်ဖြစ်သောကြောင့်ပင်။ သို့သော်လည်း "ထိုအချိန်မှစ၍ သင်တို့သည် ပျော်ရွှင်စွာနေထိုင်သွားကြသည်" ဟု ပြောဆိုနိုင်ပါသည်။

1* Johnson Oatman, Jr (၁၈၅၆ – ၁၉၂၂)

2* E. Taylor Cassel (၁၈၄၉ – ၁၉၃၀)